# ၂၀၀၉-ခုနှစ် မှ ၂၀၁၃ ခုနှစ်အတွင်း မန္တလေးခုတင် (၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး၊ ပြင်ပလူနာဌာနတွင် အများဆုံး ကုသပေးခဲ့သော ရောဂါ (၁၀)မျိုးအားလေ့လာခြင်း

စာတမ်း

## ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ် အတွင်း

## မန္တလေး ခုတင် (၁၀၀) ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီး ၊

## ပြင်ပလူနာဌာနတွင်

## အများဆုံးကုသပေးခဲ့သော ရောဂါ (၁၀) မျိုးအား လေ့လာခြင်း စာတမ်း

### နိဒါန်း

နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်နိုင်ရန်အတွက် တိုင်း နှင့် ပြည်နယ် အသီးသီးတွင် ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ (၃)ရုံ၊ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံ (၉)ရုံ၊ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ (၆)ရုံ၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ (၁၂)ရုံ တို့ကို ဖွင့်လှစ်ပေးခဲ့ပါသည်။

မန္တလေး သင်ကြားရေးတိုင်းရင်းဆေးရုံကြီးကို ၁၉၇၆ ခုနှစ်၊ အောက်တိုဘာ (၄) ရက်နေ့တွင် (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့၍ ၁၉၉၈ ခု၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံကြီး အဖြစ် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၁၂ ခု၊ ဖေဖော်ဝါရီ (၂၂) ရက်နေ့တွင် ခုတင် (၁၀၀) ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးအဖြစ် ထပ်မံ၍ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါသည်။

မန္တလေး သင်ကြားရေးတိုင်းရင်းဆေးရုံကြီးတွင် ပြင်ပလူနာဌာန၊

အထွေထွေရောဂါကုဌာန၊ အကြောအရိုးအဆစ်ရောဂါကုဌာန၊

အနာပေါက်ရောဂါကုဌာန၊ မီးယပ်ရောဂါကုဌာန၊

ကလေးရောဂါကုဌာန၊ ပဥ္စကမ္မဌာန နှင့် အပ်စိုက်ကုဌာနဟူ၍

ကုသရေးဌာနများ ရှိပါသည်။

မန္တလေး သင်ကြားရေး တိုင်းရင်းဆေးရုံကြီးသို့ ဒေသခံ ပြည်သူများသာမက မြန်မာနိုင်ငံ အထက်ပိုင်း၊ အလယ်ပိုင်း ဒေသမှ ပြည်သူများပါ လာရောက်ကုသမှု ခံယူကြပါသည်။ ယခုရေးသားမည့် စာတမ်းသည် မန္တလေး သင်ကြားရေး တိုင်းရင်းဆေးရုံကြီး တွင် ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ် အတွင်း အများဆုံး ကုသပေးခဲ့သော ရောဂါ (၁၀)မျိုးအား လေ့လာခြင်းစာတမ်း ဖြစ်ပါသည်။

ရည်ရွယ်ချက်

၁။ မန္တလေး ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး၊ ပြင်ပလူနာဌာနတွင် လာရောက်ကုသမှု ခံယူသော လူနာများမှ အများဆုံးကုသပေးရသော ရောဂါ (၁၀)မျိုးအား သိရှိနိုင်ရန်။

၂။ မန္တလေး ခုတင် (၁၀၀) ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီးတွင် ပြည်သူလူထုအနေဖြင့် မည်သည့် ရောဂါများကို ယုံကြည်အားကိုးစွာဖြင့် လာရောက်ကုမှု ခံယူကြောင်း သိရှိနိုင်ရန်။

၃။ မန္တလေး ခုတင် (၁၀၀) ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီးသည် နယ်မြေဒေသအသီးသီးရှိ ပြည်သူ လူထု အများစု၏ ဖြစ်ပေါ်ခံစားနေရသော ရောဂါများကို စနစ်တကျ ပြုစုကုသပေးလျက် ရှိသော ဌာနကြီးတစ်ခုအဖြစ်လည်းကောင်း၊ပြည်သူလူထု၏ကျန်းမာရေး စောင့်ရှောက်မှုကို ထိရောက်စွာ ပေးစွမ်းနိုင်သည့် ဌာနကြီးတစ်ခု အဖြစ်လည်းကောင်း ပြည်သူများသိရှိစေရန်။

သုတေသနပြုလုပ်ပုံအဆင့်ဆင့်

မန္တလေး ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး၊ ပြင်ပလူနာဌာနတွင် ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ် အထိ အများဆုံး ကုသပေးရသော ရောဂါ (၁၀)မျိုးကို လေ့လာရာတွင် လအလိုက် ရောဂါ လချုပ် များကို ပြုစုပြီး ရောဂါနှစ်ချုပ်ပြုစုခြင်းကို ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ်အထိ ပြုလုပ်ပါသည်။

၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ်အထိရောဂါနှစ်ချုပ်များကို ပူးပေါင်း၍ ရရှိသော (၅)နှစ်စာ ရောဂါ နှစ်ချုပ်ထဲမှ အများဆုံး ကုသပေးခဲ့ရသော ရောဂါ (၁၀)မျိုးကို ကောက်ယူလေ့လာခဲ့ပါသည်။

# ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ် အထိ ရောဂါနှစ်ချုပ်စာရင်း

| စဉ် | ရောဂါအမည် | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | မျက်စေ့ရောဂါ | ၇၀ | ၈၉ | ၂၈ | ၂၀ | ၁၀၉ | ၃၁၆ |
| ၂ | နားရောဂါ | ၃၂ | ၃၀ | ၃၅ | ၃၄ | ၆၈ | ၁၉၉ |
| ၃ | နှာခေါင်းရောဂါ | ၁၀၄ | ၂၂၅ | ၄၀၃ | ၂၆၉ | ၄၈၆ | ၁၄၈၇ |
| ၄ | လျှာနာ | ၃၇ | ၁၅ | ၁၃ | ၁၀ | ၁၀ | ၈၅ |
| ၅ | သွားကိုက်၊ သွားနာ | ၁၇ | ၃၄ | ၂၁ | ၈ | ၆ | ၈၆ |
| ၆ | လည်ချောင်းနာ | ၃၇ | ၁၉ | ၁၁ | ၁၀ | ၆၄ | ၁၄၁ |
| ၇ | ဆီးရောဂါ | ၁၆၄၈ | ၇၆၄ | ၄၉၄ | ၁၇၂ | ၁၈၆ | ၃၂၆၄ |
| ၈ | အသဲရောင်အသားဝါ | ၁၄၆ | ၁၈၇ | ၁၀၂ | ၈၂ | ၈၁ | ၅၉၈ |
| ၉ | ဆီးချို၊ သွေးချို | ၂၇၂ | ၈၄၀ | ၉၆၈ | ၅၈၇ | ၄၆၃ | ၃၁၃၀ |

| စဉ် | ရောဂါအမည် | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁၀ | အစာမကြေ | ၁၈၅၆ | ၅၅၁ | ၁၆၅ | ၁၀၅ | ၁၆၄ | ၂၈၄၁ |
| ၁၁ | ဝမ်းဖော/ရောင်/ပျက် | ၅ | ၁၂ | ၇ | ၁၀ | ၁၁ | ၄၅ |
| ၁၂ | ဝမ်းကိုက် | ၁ | ၃ | ၅ | ၄ | ၉ | ၂၂ |
| ၁၃ | သွေးဝမ်း/လွန် | ၃၇ | ၂၇ | ၆၂ | ၄၀ | ၄၀ | ၂၀၆ |
| ၁၄ | သွေးတိုး | ၆၄၃ | ၁၅၈၈ | ၁၄၀၉ | ၂၀၈၁ | ၉၂၄ | ၆၆၄၅ |
| ၁၅ | အစာအိမ်လေရောဂါ | ၁၅၁၅ | ၄၇၇ | ၁၅၃ | ၁၄၅ | ၂၆၀ | ၂၅၅၀ |
| ၁၆ | မီးယပ်ရောဂါ | ၃၇၆ | ၁၆၅၄ | ၁၈၉၇ | ၁၀၆၀ | ၅၉၅ | ၅၅၈၂ |
| ၁၇ | အကြောအရိုးအဆစ် | ၁၁၆၉၇ | ၁၅၁၀၈ | ၁၆၈၇၁ | ၁၉၄၃၆ | ၁၇၆၈၂ | ၈၀၇၉၄ |
| ၁၈ | နှလုံးရောဂါအမျိုးမျိုး | ၃၅၈၄ | ၉၆၈ | ၂၈၇ | ၂၃၉ | ၂၈၀ | ၅၃၅၈ |

| စဉ် | ရောဂါအမည် | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁၉ | အဖောရောဂါ | ၄၁၅ | ၂၉၇ | ၂၉၀ | ၁၆၅ | ၂၁၇ | ၁၃၈၄ |
| ၂၀ | လေငန်း | ၅၁၄၅ | ၂၉၈၈ | ၂၈၂၃ | ၄၄၇၃ | ၂၇၃၄ | ၁၈၁၆၃ |
| ၂၁ | ငှက်ဖျားရောဂါ | ၁ | - | - | ၁ | - | ၂ |
| ၂၂ | တုပ်ကွေးဖျား | ၂ | ၃ | - | ၁ | ၁ | ၇ |
| ၂၃ | အခြားအဖျား | ၃၅၄ | ၁၈၁ | ၅၈ | ၂၄ | ၁၄၂ | ၇၅၉ |
| ၂၄ | ချောင်းဆိုးရောဂါ | ၂၄၇ | ၁၃၅ | ၉၈ | ၈၇ | ၁၈၅ | ၇၅၂ |
| ၂၅ | အဆုတ်တီဘီ | ၂ | ၄ | ၁၂ | ၃ | ၃ | ၂၄ |
| ၂၆ | ရင်ကြပ် | ၅၁၃ | ၂၉၂ | ၂၃၆ | ၁၄၉ | ၂၄၁ | ၁၄၃၁ |
| ၂၇ | ပန်းနာ | ၂ | - | - | ၄ | ၃ | ၉ |

| စဉ် | ရောဂါအမည် | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၂၈ | ဝက်သက် | - | - | - | - | ၅ | ၅ |
| ၂၉ | ကလေးသူငယ်နာ | ၄၅၄ | ၁၉၅ | ၈၀ | ၄၈ | ၁၁၃ | ၈၉၀ |
| ၃၀ | ယားယံနာ | ၆၇၂ | ၄၃၃ | ၂၈၂ | ၁၇၆ | ၃၀၇ | ၁၈၇၀ |
| ၃၁ | လိပ်ခေါင်း | ၁၅၁ | ၁၃၇ | ၂၀၄ | ၁၈၀ | ၂၉၈ | ၉၇၀ |
| ၃၂ | အကြိတ်အဖု | ၁၅၇ | ၃၉၉ | ၂၁၇ | ၁၁၄ | ၁၉၅ | ၁၀၈၂ |
| ၃၃ | အခြားအနာပေါက် | ၁၉၂၅ | ၆၈၄ | ၃၄၈ | ၄၂၁ | ၄၉၈ | ၃၈၇၆ |
| ၃၄ | ထိခိုက်ဒဏ်နာ | ၉၉၄ | ၁၁၆၁ | ၁၃၃၂ | ၁၁၀၁ | ၁၃၆၉ | ၅၉၅၇ |
| | စုစုပေါင်း | ၃၃၁၁၁ | ၂၉၅၀၀ | ၂၈၉၁၁ | ၃၁၂၅၉ | ၂၇၇၄၉ | ၁၅၀၅၃၀ |
| | | | | | | | |

## တွေ့ရှိချက်


မန္တလေး ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး၊ ပြင်ပလူနာဌာနတွင် ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ် အတွင်းလာရောက်ကုသသော ရောဂါများအခြေအနေကို လေ့လာရာတွင် လာရောက်ကုသ သည့် ရောဂါ (၃၄)မျိုးထဲတွင် အကြောအရိုးအဆစ်ရောဂါ၊ လေငန်းရောဂါ၊ သွေးတိုးရောဂါ၊ ထိခိုက်ဒဏ်နာ၊ မီးယပ်ရောဂါ၊ နှလုံးရောဂါအမျိုးမျိုး၊ အခြားအနာပေါက်၊ ဆီးရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ အစာမကြေ ရောဂါတို့သည် ကုသမှု အများဆုံးအဖြစ် တွေ့ရသည်။

၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ် အတွင်း လူနာ (၁၅၀၅၃၀) ယောက်အနက်

| | | |
|---|---|---|
| ၁။ | အကြောအရိုးအဆစ်ရောဂါ (၈၀၇၉၄) ယောက် | ၅၃. ၆၇% |
| ၂။ | လေငန်းရောဂါ (၁၈၁၆၃) ယောက် | ၁၂. ၀၆% |
| ၃။ | သွေးတိုးရောဂါ (၆၆၄၅) ယောက် | ၄. ၄၁% |
| ၄။ | ထိခိုက်ဒဏ်နာ (၅၉၅၇) ယောက် | ၃. ၉၅% |
| ၅။ | မီးယပ်ရောဂါ (၅၅၈၂) ယောက် | ၃. ၇၀% |
| ၆။ | နှလုံးရောဂါအမျိုးမျိုး (၅၃၅၈) ယောက် | ၃. ၅၅% |
| ၇။ | အခြားအနာပေါက် (၃၈၇၆) ယောက် | ၂. ၅၇% |
| ၈။ | ဆီးရောဂါ (၃၂၆၄) ယောက် | ၂. ၁၆% |
| ၉။ | ဆီးချို သွေးချို (၃၁၃၀) ယောက် | ၂. ၀၇% |
| ၁၀။ | အစာမကြေ (၂၈၄၁) ယောက် | ၁. ၈၈% |

ဖြစ်ပါသည်။

# ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ် အတွင်း လာရောက်ကုသမှု အများဆုံးရောဂါ (၁၀)မျိုးအား ဖော်ပြခြင်း



## သုံးသပ်ချက်

မန္တလေး ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး၊ ပြင်ပလူနာဌာနတွင် ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ် (၅)နှစ်အတွင်း လာရောက်ကုသသော ရောဂါများ ကို လေ့လာရာတွင် အကြောအရိုးအဆစ် ရောဂါသည် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပြည်သူလူထုအများစုသည် အလုပ်အကိုင်၊ အနေအထိုင်၊ အစားအသောက်များကြောင့် အကြောအရိုးအဆစ်ရောဂါများ အဖြစ်အများဆုံးဖြစ်ပြီး တိုင်းရင်းဆေးဖြင့် ကုသမှုခံယူသော ရောဂါ များထဲတွင် အများဆုံးဖြစ်ကြောင်း တွေ့ရပါသည်။ အကြောအရိုးအဆစ်ရောဂါများမှာ လည်ဆစ်ရိုးကျီးပေါင်း၊ ခါးဆစ်ရိုးကျီးပေါင်း၊ ဒူးနာ၊ ခါးနာများ ဖြစ်ပါသည်။ထို့ကြောင့် ထိုရောဂါများသည် အဖြစ်များသောရောဂါများ အဖြစ် သုံးသပ်တွေ့ရှိရပါသည်။

ဒုတိယအများဆုံးကုသပေးရသောရောဂါမှာလေငန်းရောဂါဖြစ်ပြီး လေငန်းရောဂါ ဖြစ်ရခြင်းမှာသွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါများကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်ယနေ့ပြည်သူလူထုသည် သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါ ဒုတိယဖြစ်များလျက် ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ထို့အတူ ထိခိုက်ဒဏ်နာ၊ မီးယပ်ရောဂါ၊ နှလုံးရောဂါ၊ အခြားအနာ ပေါက်၊ ဆီးရောဂါ၊ အစာ မကြေရောဂါတို့ကို အစဉ်လိုက် အများဆုံးကုသ ပေးရကြောင်း တွေ့ရှိရ၍ ထိုရောဂါများသည် ပြည်သူလူထု အဖြစ်များကြပြီး တိုင်းရင်းဆေးဖြင့် ယုံကြည်စွာ ကုသမှု ခံယူမှု အများဆုံးဖြစ်သော ရောဂါများ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

အကြံပြုချက်

ယခုတင်ပြသော စာတမ်းသည် မန္တလေး ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး၊ ပြင်ပလူနာဌာန ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ် အထိ (၅)နှစ်တာ လူနာစာရင်းများကို ပြုစုတင်ပြထားခြင်း ဖြစ်၍ တိုင်းရင်းဆေးရုံများအနေဖြင့် စာရင်းများကို စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းကြရန်နှင့် နယ်မြေ ဒေသ အသီးသီးမှ လာရောက်ကုသမှု ယခုထက် ပိုမိုများပြားလာပြီး တိုင်းရင်းဆေးပညာ ပိုမိုပြန့်ပွားရေး၊ တိုင်းရင်းဆေးကို ပိုမိုအားကိုး ယုံကြည်မှု ရှိစေရေး၊ တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှု ပြုနိုင်ရေးအတွက် ဆထက်တံပိုး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအကြံပြုနှိုးဆော် အပ်ပါသည်။

# ကျေးဇူးတင်လွှာ

ဤစာတမ်းအား ဖတ်ကြားခွင့်ပြုပါသော တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သုတေသနနှင့် ဖွံ့ဖြိုးရေးညွှန်ကြားရေးမှူး ဤစာတမ်းအားရေးသားရန်တိုက်တွန်းပြီး လိုအပ်သည်များ ဖြည့်စွက်အကြံပြုပါသော ညွှန်ကြားရေးမှူး(ကုသ) ဦးမြင့်အောင် ၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးမှ ဒုဆေးရုံအုပ် ဦးသံချောင်း၊ လိုအပ်သော စာရင်းများပြုစုပေးပါသော ပြင်ပလူနာဌာနမှ ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျမ်းကိုးစာရင်း

မန္တလေး ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး၊ ပြင်ပလူနာဌာန၏ ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ်အထိ လူနာစာရင်း လချုပ်၊ နှစ်ချုပ်များ -

ခင်နှင်းဝေ
အကြီးတန်း တိုင်းရင်းဆေးမှူး


au;Zl;wifyonf